# ACC Against COVID-19




အစီအစဉ် (၁၁၂)

## “အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း အပိုင်း(၁)”

ACC Against COVID-19

Prof. Dr. Aung Tun Thet
11.1.2021

# အဂတိလိုက်စားနိုင်ခြေ
# အန္တရာယ်ရှိမှု
# ဆန်းစစ်လေ့လာခြင်း

UNITED AGAINST CORRUPTION

Prof.Dr.Aung Tun Thet

UNODC
United Nations Office on Drugs and Crime

# အဂတိလိုက်စားနိုင်ခြေ
# အန္တရာယ်ရှိမှု
# ဆန်းစစ်လေ့လာခြင်း
# အပိုင်း(၁)

Prof.Dr.Aung Tun Thet



သင်လုပ်နေသော အရာများကို
မသိခြင်းသည် အန္တရာယ်ပင်ဖြစ်သည်။

— *Warren Buffett* —

AZ QUOTES

# အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း

- အဂတိလိုက်စားမှုများကို ထိရောက်မှန်ကန်စွာ တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း၊
- ရင်ဆိုင်ကြုံတွေ့နေရသော အန္တရာယ်များကို သိရှိနားလည်ခြင်း၊
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ထိန်းသိမ်းကာကွယ်ရန်အတွက် အခြေခံသဘောတရားများကို ချမှတ်ခြင်း၊

# အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း

- အန္တရာယ်ဖြစ်နိုင်ခြေများကို ခွဲခြားဖော်ထုတ်၍ ဦးစားပေး ရွေးချယ်သတ်မှတ်ခြင်း၊
- ကုမ္ပဏီများ၏ အရွယ်အစား၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ပထဝီအနေအထားအရ လုပ်ငန်းလည်ပတ်ပုံ (သို့မဟုတ်) စီးပွားရေးလည်ပတ်မှုပုံစံအရ ကုမ္ပဏီများအကြား အန္တရာယ်ဖြစ်နိုင်ခြေများသည် ကွဲပြားလျက်ရှိခြင်း၊
- အန္တရာယ်ဖြစ်နိုင်ခြေများသည် ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်ပုံများအပေါ်တွင် မူတည်လျက်ရှိခြင်း-ကုန်ကြမ်းများဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် ဈေးကွက်သို့ ဖြန့်ဖြူးခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်

- ကုမ္ပဏီအားလုံး တစ်ပုံစံတည်း ဆောင်ရွက်၍ မရခြင်း၊
- ကုမ္ပဏီတစ်ခုချင်းစီ၏ ပကတိအခြေအနေ လိုအပ်ချက်များကို သိရှိစေခြင်း၊
- အန္တရာယ်ဖြစ်နိုင်ခြေများကို  အခြေခံပြီး စဉ်းစားသော စီးပွားရေးလုပ်ငန်းဖြစ်ရန် လိုအပ်ခြင်း၊
- ကုမ္ပဏီများအတွက် အဂတိလိုက်စားမှုနှင့် ပတ်သက်သော အန္တရာယ်ဖြစ်နိုင်ခြေ နယ်ပယ်များ၊
- အန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်းနှင့် လျော့ပါးစေခြင်း၊

# တာဝန်ယူမှုနှင့် လုပ်ငန်းစဉ်များ

- အန္တရာယ်ဖြစ်နိုင်ခြေများကို အနုတ်သဘောဆောင်သော ဆိုးကျိုးများအဖြစ် သိမြင်ခြင်း၊
- ကုမ္ပဏီများအနေဖြင့် အနုတ်သဘောဆောင်သော အမြင်များ၊ ထင်မြင်ချက်များကို ရှောင်ရှားရန်အတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းအား ဆောင်ရွက်လိုသည့် ဆန္ဒမရှိခြင်း၊

# တာဝန်ယူမှုနှင့် လုပ်ငန်းစဉ်များ

- အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို ခံနိုင်ရည်ရှိသော ကုမ္ပဏီဟူ၍ မရှိခြင်း၊
- လျစ်လျူရှုထားခြင်းနှင့် မျှော်လင့်မထားသော အကျိုးဆက်များမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော အဂတိလိုက်စားနိုင်ခြေ အန္တရာယ်များ၊
- အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ကြိုတင်တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် စနစ်တကျ ရေးဆွဲထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများဖြင့် အန္တရာယ်ဖြစ်နိုင်ခြေများကို ခွဲခြား သတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လျှော့ပါးစေခြင်းများပါဝင်ပါသည်။

# တာဝန်ယူမှုနှင့် လုပ်ငန်းစဉ်များ

- အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း မပြုမီ–
- ကုမ္ပဏီများသည် လုပ်ငန်းလည်ပတ်မှုကဏ္ဍများ၊ တာဝန်ဝတ္တရားများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များအပေါ် စီမံကြီးကြပ်မှုများကို သိရှိရန် လိုအပ်ပါသည်။

# လုပ်ငန်းလည်ပတ်မှုကဏ္ဍများနှင့် တာဝန်ယူမှု

- အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်းအား ကြီးကြပ်ဆောင်ရွက်နိုင်စေရန် ကျွမ်းကျင် ပညာရှင်များကို ခန့်အပ်ခြင်းနှင့် လုပ်ပိုင်ခွင့်ပေးအပ်ခြင်း၊
- ကြီးမားပြီး ရုံးခွဲများဖြင့်ဖွဲ့စည်းထားသော ကုမ္ပဏီများအနေဖြင့် ရုံးချုပ်နှင့်နယ်ရုံးခွဲများရှိ ဝန်ထမ်းများအား လုပ်ပိုင်ခွင့်တာဝန်များ ခွဲဝေသတ်မှတ်ပေးခြင်း၊
- အဂတိလိုက်စားမှုအန္တရာယ်ဖြစ်နိုင်ခြေရှိသော ဝန်ထမ်းများအား ကြီးကြပ်ခြင်း (ဥပမာ–ဒေသတွင်း အရောင်းကိုယ်စားလှယ်များ၊ ကုန်ကြမ်းဝယ်ယူမှုအရာရှိများ)၊

# လည်ပတ်နေသော လုပ်ငန်းစဉ်များ

- လုပ်ဆောင်ချက်များကို စာရွက်စာတမ်းအထောက်အထားများဖြင့် တိတိကျကျ မှတ်တမ်းတင်ထားရှိခြင်း၊

# နယ်ပယ်များ

- အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာရာတွင် အချိန်ကာလ သတ်မှတ်ထားခြင်း၊
- အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာမည့် အကြိမ်အရေအတွက်၊
- အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများအား သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အရင်းအမြစ်များ၊
- အချက်အလက်များအား ရှာဖွေစုဆောင်းခြင်း၊

# နယ်ပယ်များ

- အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း နည်းလမ်းများ (ဥပမာ–အန္တရာယ်ဖြစ်နိုင်ခြေများကို သတ်မှတ်ခြင်း)၊
- အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာရာတွင် ပါဝင်သော လူပုဂ္ဂိုလ်များ (ဥပမာ–လုပ်ငန်းခွင်တွင်းရှိ ဝန်ထမ်းများ၊ စီးပွားရေးမိတ်ဖက်များနှင့် အစုရှယ်ယာရှင်များ)၊
- သတင်းအချက်အလက်များကို ခွဲခြားသတ်မှတ်ခြင်း၊ စုစည်းခြင်း၊ ပေါင်းစပ်ခြင်း၊

# အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း

- လက်ရှိလည်ပတ်နေသော လုပ်ငန်းစဉ်များတွင် စွမ်းဆောင်ရည်ပြည့်ဝပြီး ထိရောက်စွာ ဆောင်ရွက်ခြင်း (ငွေရေးကြေးရေး ခန့်မှန်းချက်များ (သို့) ကုမ္ပဏီအတွင်း အခြားသော အန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်လေ့လာခြင်း အလေ့အထများ၊ ဥပမာ– ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး)၊
- လည်ပတ်ဆောင်ရွက်လျက်ရှိသော လုပ်ဆောင်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှုများအကြား ဆက်နွယ်မှုများကို သိရှိသဘောပေါက်ရန် လိုအပ်ခြင်း၊

# ကြိုးကြပ်ကွပ်ကဲခြင်း

- လုပ်ငန်းလည်ပတ်နေသော လုပ်ငန်းစဉ်များတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်ခြင်း၊
- လက်ခံနိုင်လောက်သော အတိုင်းအတာရှိသည့် အန္တရာယ်ဖြစ်နိုင်ခြေများကို ဦးစွာသတ်မှတ်ခြင်း၊
- အန္တရာယ်ဖြစ်နိုင်ခြေများအား လျှော့ချသော နည်းဗျူဟာများကို အကဲဖြတ်ခြင်းနှင့် ရလဒ်များကို ပြန်လည်သုံးသပ်ခြင်း၊

# ကုမ္ပဏီများအတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု နယ်ပယ်များ

- ကုမ္ပဏီများနှင့် ဝန်ထမ်းများသည် အဂတိလိုက်စားမှုကို မတိုက်ဖျက်နိုင်ပါက အနုတ်သဘောဆောင်သော အကျိုးဆက်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရခြင်း၊
- အဂတိလိုက်စားမှုကြောင့် ဥပဒေပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ၏ ပြစ်ဒဏ်များကို သိရှိနားလည်ခြင်း၊

# ကုမ္ပဏီများအတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု နယ်ပယ်များ

- စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများသည် နေ့စဉ် လုပ်ငန်းဆောင်တာများဖြစ်သော ဝယ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းစသည်တို့အပေါ် အနုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုများရှိခြင်း (ဥပမာ-အများပြည်သူဆိုင်ရာ တင်ဒါများတွင် ပိတ်ပင်တားမြစ်ခံရခြင်း၊ ငွေကြေးဆိုင်ရာအခက်အခဲများနှင့် ရင်ဆိုင်ရခြင်း)၊

# ကုမ္ပဏီများအတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု နယ်ပယ်များ

- ကုမ္ပဏီများအကြား၊ မိသားစု၊ မိတ်ဆွေများနှင့် အများပြည်သူအကြား ကုမ္ပဏီနှင့် ဝန်ထမ်းများ၏ ရပ်တည်နိုင်မှုသည် ဂုဏ်သိက္ခာရှိမှုဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေနှင့် ဆက်နွယ်နေခြင်း၊
- အနုတ်သဘောဆောင်သော ဂုဏ်သတင်းသည် နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သော စီးပွားရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများကို ဖြစ်ပေါ်စေခြင်း (ဥပမာ–ရောင်းအားကျဆင်းခြင်း (သို့) ရင်းနှီးမြှုပ်နှံမှုများ လျော့ကျစေခြင်း)၊

# ကုမ္ပဏီများအတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု နယ်ပယ်များ

- ဤကဲ့သို့ အကျိုးဆက်များသည် ကုမ္ပဏီ၏ရပ်တည်နိုင်မှုကို ကန့်သတ်ထား ရုံမျှမက၊
- ပြည်ပလာဘ်ပေးလာဘ်ယူမှုများနှင့် ဆက်နွှယ်သည့် ပြည်တွင်းဥပဒေ ပြဋ္ဌာန်း ခြင်း၊
- အဂတိလိုက်စားမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည် မိမိနိုင်ငံသာမက အခြား သော နိုင်ငံနယ်နိမိတ်များအထိ အာဏာသက်ရောက်စေခြင်း၊

# ကုမ္ပဏီများအတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု နယ်ပယ်များ

- ကုမ္ပဏီ၏ ရပ်တည်မှု၊
- ကုမ္ပဏီ၏ လုပ်နည်းလုပ်ဟန်၊
- စီးပွားရေးမိတ်ဖက်များနှင့် အပြန်အလှန်အကျိုးပြုခြင်း၊
- အန္တုတ်သဘောဆောင်သော အကျိုးဆက်များ၏ အလားအလာနှင့် ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်ခြင်း

- ကုမ္ပဏီများ၏ တည်နေရာကို ထည့်သွင်းစဉ်းစားခြင်း၊
- အချို့သော တည်နေရာများသည် အဂတိလိုက်စားမှုအခြေအနေများကို မြင့်မားစေခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်ခြင်း

- တည်နေရာသည် ဈေးကွက်၏ ပြောင်းလဲမှုများကို လွှမ်းမိုးစေခြင်း၊
- ဈေးကွက်ယှဉ်ပြိုင်မှုများ၊ စံနှုန်းများ၊ ဓလေ့ထုံးစံများအပြင် အကျိုးသက်ဆိုင်သူများ (အထောက်အပံ့ပေးသူများ၊ စားသုံးသူများနှင့် အစိုးရအရာရှိများ)၏ မျှော်လင့်ချက်များကို အကျိုးသက်ရောက်မှု ရှိစေခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်ခြင်း

- စီးပွားရေးလည်ပတ်မှုပုံစံသည် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုအပေါ် သက်ရောက်မှု ရှိခြင်း၊
- အဂတိလိုက်စားမှုအပေါ် ထိန်းချုပ်မှုလျော့နည်းသောကြောင့် အရောင်းကိုယ်စားလှယ်များ (သို့) တစ်ဆင့်ခံ ကန်ထရိုက်များကဲ့သို့သော စီးပွားရေး မိတ်ဖက်များသည် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုနှင့် ပိုမိုကြုံတွေ့ရခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်ခြင်း

- အခြားအကြောင်းအရင်းများမှာ–
- ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်ခြင်း၊ နှုတ်ထွက်ခြင်း စသည့် မတည်ငြိမ်မှုများကို မြင့်တက်စေခြင်း၊
- အရေးကြီးသော လိုင်စင်များ (ခွင့်ပြုမိန့်များ) အပေါ်တွင်မူတည်ခြင်း၊
- ရှုပ်ထွေးသော သဘောတူစာချုပ်များ၊
- ကာလတို ငွေကြေးအကျိုးအမြတ်အပေါ် ဦးစားပေးခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဥ်များ ချမှတ်ခြင်း

- အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံသည် အဂတိလိုက်စားမှုအန္တရာယ် ဖြစ်နိုင်ခြေအဆင့်ကို သက်ရောက်မှုရှိခြင်း၊
- ဗဟိုချုပ်ကိုင်မှုမရှိသော အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံသည် ကုမ္ပဏီ ရုံးခွဲများနှင့် လက်အောက်ခံကုမ္ပဏီများအပေါ် ထိန်းချုပ်မှု လျော့နည်းစေ ခြင်း၊

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်ခြင်း

- အဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှုသည် အဂတိလိုက်စားမှု အလားအလာများကို သက်ရောက်မှုရှိခြင်း၊
- လူမှုရေးဆိုင်ရာ စံနှုန်းများဖြင့် ဆုံးဖြတ်ခြင်းနှင့် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ ရေးဆွဲဖော်ပြခြင်း၊
- ယှဉ်ပြိုင်မှုပြင်းထန်ပြီး ယုံကြည်မှုနှင့်ဖြောင့်မတ်တည်ကြည်မှု အားနည်းသော ကုမ္ပဏီများသည် ရိုးသား၍ အားလုံးပါဝင်နိုင်ပြီး ကျင့်ဝတ် တန်ဖိုးများကို အားပေးသော ကုမ္ပဏီများထက် အဂတိလိုက်စားမှု ပို၍ ဖြစ်လေ့ဖြစ်ထရှိခြင်း၊

**အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း**

ဘဝတွင် အရာရာတိုင်းဟာ အန္တရာယ်ရှိပါတယ်။
သင် အမှန်တကယ်သင်ယူရမှာက အဲဒီ အန္တရာယ်တွေကို
ဘယ်လိုကျော်ဖြတ်မလဲပဲ ဖြစ်ပါတယ်။